# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

August 21, 2020 | Volume 34, Number 14


| ၂၁.၈.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၄၇ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၂၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၇၂/- ကျပ် |
| CBM Rate | = ၁၃၅၉.၈ ကျပ် |
| ယူရို တစ်ယူရို | = ၁၆၀၆.၄ ကျပ် |
| စင်ကာပူတစ်ဒေါ်လာ | = ၉၉၃.၈၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၉၅.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၈.၅ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၉၇၅.၆၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၆.၆၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၁၆၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၄၀ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၅.၄၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၁၂၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာ့သရက်ဈေးကွက်အတွင်း ပြည်ပမျိုး သရက်သီးတချို့ ဝင်ရောက်နေရာယူနေ



မြန်မာ့သရက်ဈေးကွက်အတွင်း ပြည်ပမျိုး သရက်သီးတချို့ ဝင်ရောက်နေရာယူ ရောင်းချနေကြောင်း ဈေးကွက်ကျွမ်းကျင်သူများထံမှသိရသည်။ အခုချိန်တော့ နိုင်ငံခြားမျိုးတွေပဲ ဈေးကွက်ထဲမှာကျန်တယ်။ စိမ်းချိုလို့ခေါ်တဲ့ ထိုင်းမျိုးလေ။ ညောင်ပင်ဝန်းဒေသဘက်မှာတော့ အပျို့ပေါင်သရက်မျိုးလို့ခေါ်ကြတာပဲ။ အဲ့ဒီ သရက်သီးကို တစ်လုံး ၁၀၀၀ ကျပ်ဈေးနဲ့ ရောင်းနေကြတယ်ဟု မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောသည်။

မြန်မာ့စိန်တလုံးသရက် ဈေးကွက်တင်ပို့ချိန်မှာ ဧပြီလအလယ်မှ ဇူလိုင်လအကုန်အထိဖြစ်ပြီး၊ ယခုအချိန်သည် ပြည်ပတင်ပို့မှုများရပ်နားကာ သရက်ခြံများ အပင်ခေါင်ဖွင့်၊ ကိုင်းရှင်း၊ မြေဆီကျွေးမွေးခြင်းတို့ကို ပြုလုပ်၍ နောင်လာမည့်နှစ် သရက်ရာသီအတွက် ကြိုတင်ပြင်ဆင်နေကြချိန်ဖြစ်သည်။ ဩဂုတ်လဆိုတော့ တရုတ်ပြည်ဘက် ဈေးကွက်က သရက်သီးအဝယ်နည်းသွားပြီ။ မန္တလေးဘက်မှာတော့ အခုလတ်တလောမှာ အများစုက ရင်ကွဲသရက်သီးတွေပဲ ရောင်းနေကြတယ်။ ကျွန်တော့်ခြံက မချစ်စုသီးတွေကတော့ ဩဂုတ်လအလယ်လောက်အထိ ရနိုင်ပါတယ်။ ရှမ်းပြည်နယ်ဘက်ကခြံတွေမှာလည်း ရင်ကွဲသရက်တွေ ပမာဏနည်းနည်းတော့ကျန်တယ်ဟု ဦးကျော်စိုးနိုင်က ဆက်လက်ပြောသည်။


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ပြည်တွင်းစားသုံးမှုနှုန်းထားကို လေ့လာကြည့်ပါက ထွက်ရှိသည့်သရက်သီးပမာဏ (၃)ပုံ အနက် (၂)ပုံခန့်ကိုသာ အရည်အသွေးအကောင်းဆုံး ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်ပြီး ကျန်ရှိနေသည့် သရက်သီး (ပယ်သီး) များကို Value added ပြုလုပ်၍ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ပါက သရက်ဈေးကွက်အတွက် ရေရှည်ဈေးကွက်တစ်ခု ဖြစ်ထွန်းလာနိုင်ကြောင်း ဦးကျော်စိုးနိုင်ကဆိုသည်။

**Source:** https://greenwaymyanmar.com/posts/replace_of_not_local_mango_variety

## နိုင်ငံတော်အရန်ရိက္ခာ စားအုန်းဆီ ၂၂၂ ဒသမ ၅ တန်ညောင်တုန်းမြို့သို့ရောက်ရှိ



ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် နိုင်ငံတော် အရန်ရိက္ခာ စားအုန်းဆီများအား ခရိုင်အလိုက် ရန်ကုန်မြို့မှ သယ်ယူ လျက်ရှိရာ မအူပင်ခရိုင်အတွက် အရန်ရိက္ခာစားအုန်းဆီ ၂၂၂ ဒသမ ၅ တန် အား ညောင်တုန်းမြို့နယ်သို့ရောက်ရှိရာ ခရိုင်၊ မြို့နယ် သယ်ယူ၊ သိုလှောင်ထိန်းသိမ်းရေးအဖွဲ့များက ယနေ့ နံနက် ၈ နာရီ တွင် မြို့နယ် အားကစားခန်းမ၌ စနစ်တကျ စစ်ဆေးလက်ခံပေးခဲ့သည်။

အဆိုပါ ရောက်ရှိလာသော အရန်ရိက္ခာ စားအုန်းဆီများအား ခရိုင် သယ်ယူ၊ သိုလှောင်ကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ် သယ်ယူ၊ သိုလှောင် ထိန်းသိမ်းမည့်အဖွဲ့တို့မှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူရိန်၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်လွင် နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးသန်းကျော်တို့က စနစ်တကျသိုလှောင်ထားရှိရန် ဆောင်ရွက်ပေးခဲ့ပြီး အရေးပေါ်ကာလအခြေအနေများတွင် မအူပင်ခရိုင်အတွင်းရှိ ပြည်သူများအား အရန်ရိက္ခာပြတ်လပ်မှုမရှိစေရန် ဖြန့်ဝေ ပေးသွား မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ကားအခွန်နှုန်းထားဖြေလျှော့မှုက ဂျပန်ကားကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုအပေါ်ထိခိုက်နိုင်ဟု ဂျပန်သံအမတ် အသိပေး



မော်တော်ယာဉ်တင်သွင်းရာတွင် အကောက်ခွန်နှင့်ကညန မှတ်ပုံတင်နှုန်းထားများ ဖြေလျှော့လိုက်သဖြင့် ပြည်တွင်း၌ ထုတ်လုပ် နေသည့် ဂျပန်ကားကုမ္ပဏီများ၏ ရေရှည်ရင်းနှီးမြှုပ်နှံမှုအပေါ် ထိခိုက် နိုင်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ် မစ္စတာအိချရော မာရုယာမက အသိပေးပြောကြားသည်။

အခွန်နှုန်းထားအပြောင်းအလဲကြောင့် ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရန်နှင့်အသစ်ဝင်ရောက်ရန်ရှိနေသော ဂျပန်ကားကုမ္ပဏီများ အတွက် အဟန့်အတားဖြစ်စေပြီး ရင်းနှီးမြှုပ်နှံမှုများ ရွှေ့ဆက်ရန် ခက်ခဲစေမှုကိုဖြေရှင်းရန် ဩဂုတ် ၁၈ ရက်က မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း (MAMDA) သို့ ဂျပန်သံအမတ်လာရောက် ဆွေးနွေးခဲ့ကြောင်း MAMDA အသင်းအထွေထွေအတွင်းရေးမှူး ဦးမျိုးဇင်ဝင်းကပြောသည်။ "တိုယိုတာကလည်း မကြာခင်ဝင်တော့မယ်။ နောက် ပြည်တွင်းမှာ နှစ်စဉ်သောင်းနဲ့ချီထုတ်နေတဲ့ ဆူဇူကီးဈေးကွက်ကလည်း အခုအနေအထားဆို ဈေးကွက်သက်ရောက်မှု ကြီးလာမယ်။ ဒါကြောင့် သူတို့အနေနဲ့ ဘယ်လိုလုပ်နိုင်မလဲဆိုတာ ဆွေးနွေးတာဖြစ်တယ်" ဟု ဦးမျိုးဇင်ဝင်းကပြောသည်။

MAMDA အနေဖြင့် မကြာသေးမီက သတ်မှတ်လိုက်သည့် အစိုးရ၏ မော်တော်ယာဉ်အခွန်အကောက်ကို ကန့်ကွက်ရန်မရှိဘဲ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုအပေါ် တိကျခိုင်မာသည့် မော်တော်ယာဉ်မူဝါဒတစ်ခု ထွက်ပေါ်လာရန်သာ အကြံပြုလိုကြောင်း

ၝင်းကပြောသည်။ ဩဂုတ်လဆန်းပိုင်းက မော်တော်ယာဉ် အခွန်အကောက်နှင့် ဆက်စပ်၍ ကညနမှတ်ပုံတင်ခအတွက် ပြည်ပမှ တင်သွင်းသည့် လူစီးယာဉ် အမျိုးအစားတွင် ၁,၃၅၀ စီစီ နှင့် အောက်ကို ၃၀ မှ ၁၅ ရာခိုင်နှုန်း၊ ၁,၃၅၁ စီစီမှ ၂,၀၀၀ စီစီ အထိ ၅၀ မှ ၂၅ ရာခိုင်နှုန်း၊ ၂,၀၀၁ စီစီ မှ ၅,၀၀၀ စီစီ အထိ ၈၀ မှ ၄၀ရာခိုင်နှုန်းနှင့် ၅,၀၀၁ စီစီနှင့် အထက် ၁၂၀ မှ ၆၀ ရာခိုင်နှုန်း ပြောင်းလဲသတ်မှတ်ခဲ့သည်။ ထို့အပြင် အကောက်ခွန်နှုန်းထားတွင်လည်း ပြည်ပမှတင်သွင်းသည့် လူစီးမော်တော်ယာဉ်များ အတွက် အင်ဂျင်ပါဝါ ၂,၀၀၀ စီစီနှင့်အောက်ကို အကောက်ခွန်နှုန်း ၃၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း၊အင်ဂျင်ပါဝါ ၂,၀၀၁ စီစီနှင့် အထက်ကို ၄၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်း သတ်မှတ်ခဲ့သည်။

လျှော့ချသည့်အခွန်အခကြောင့် ပြည်တွင်းထုတ်လုပ်သည့် မော်တော်ယာဉ်ဈေးကွက်တွင် ပြည်ပမှအလုံးစုံ မှာယူတင်သွင်းမှု ပိုများလာမည်ဖြစ်ကာ ဈေးနှုန်းအရလည်း ယခင်ထက် ၁၀ မှ ၂၀ ရာခိုင်နှုန်းအထိ သက်သာမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ မော်တော်ယာဉ် ဝယ်လိုအားနှင့် ထုတ်လုပ်မှုအခြေအနေသည် ယခင်သုံးနှစ်ကစ၍ မြင့်တက်လာပြီး ၂၀၁၉ နှစ် ကုန်တွင် brand new မော်တော်ယာဉ်အစီးရေ သုံးသောင်းကျော်အထိ ရောင်းချနိုင်ခဲ့ကြောင်း အာဆီယံမော်တော်ယာဉ်အသင်းက ထုတ်ပြန်ထားသည်။

**Source:** https://7day.news/detail?id=196248

## အထည်ချုပ်စက်ရုံများ COVID-19 ကာကွယ်ရေး အသိပေးစာထုတ်ပြန်



COVID-19 ပြည်တွင်းကူးစက်မှုပြန်လည်ဖြစ်လာသဖြင့် လုပ်သားဦးရေ အများအပြားလုပ်ကိုင်သော အထည်ချုပ်စက်ရုံများတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ရန် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းက ဩဂုတ် ၂၀ ရက်တွင် အသိပေးစာထုတ်ပြန်သည်။

ပြည်တွင်းကူးစက်မှုမရှိသည်မှာ တစ်လခန့်ကြာမြင့်ပြီးနောက် ဩဂုတ် ၁၆ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့၌ ပြည်တွင်း ကူးစက်မှု လူနာ ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လုပ်သားဦးရေများသော အထည်ချုပ်စက်ရုံများအနေဖြင့် သတိပေးချက်ကို ပူးပေါင်းဆောင်ရွက်ပေးကြရန် ထုတ်ပြန်ထားသည်။ အထည်ချုပ်စက်ရုံများ ကျန်းမာရေးနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် အချက်ခုနစ်ချက်ကို မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များ အသင်းက အသိပေးထုတ်ပြန်ထားသည်။ စက်ရုံများတွင် ကိုယ်အပူချိန်တိုင်းကိရိယာများထားရှိပြီး ဝန်ထမ်းများကို ကိုယ်အပူချိန်တိုင်းပြီးမှ စက်ရုံအတွင်းဝင်ခွင့်ပြုရေး၊ လက်ဆေးဘေစင်များတွင် ရေ၊ ဆပ်ပြာ၊ Hand Sanitizer စနစ်တကျထားရှိရေးနှင့် လက်ဆေးမည့်နေရာတွင် ပိုစတာများ စနစ်တကျကပ်ထားရေးစသည်တို့ကို ဆောင်ရွက်ရမည်ဟုဖော်ပြထားသည်။

ဝန်ထမ်းများအား နှာခေါင်းစည်းများထုတ်ပေးပြီး နှာခေါင်းစည်း စနစ်တကျတပ်ဆင်ရန်ကြီးကြပ်ခြင်း၊ လုပ်ငန်းခွင်အတွင်း တစ်ဦးနှင့်တစ်ဦး သတ်မှတ်အကွာအဝေးအတိုင်း လုပ်ကိုင်နေထိုင်စေပြီး လူစုလူဝေးရှောင်ကြဉ်စေခြင်း၊ ဝန်ထမ်းအချင်းချင်း (သို့မဟုတ်) ဝန်ထမ်းအုပ်စုများ ကျန်းမာရေးအသိပညာမျှဝေခြင်းနှင့် ပိုစတာလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဟု အသိပေးထားသည်။ စက်ရုံတစ်ရုံတွင် အလုပ်သမားတစ်ထောင်အထက်ရှိနေခြင်းကြောင့် ကျန်းမာရေး ဆောင်ရွက်ချက်များ အတိအကျလိုက်နာရန်လိုအပ်သည်ဟု ရွှေပြည်သာစက်မှုဇုန်မှ အထည်ချုပ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်သားငါးသိန်းကျော်ရှိပြီး အသင်းဝင်အထည်ချုပ်စက်ရုံပေါင်း ၇၀၀ ကျော်ရှိသည်။

**Source:** https://7day.news/detail?id=196292

## နိုင်ဂျီးရီးယား၏ ဆံပင်အလှ ဂုဏ်တပ်မက်မှုနှင့် ကမ္ဘာ့စတုတ္ထမြောက် ဆံပင်တင်ပို့သည့် နိုင်ငံဖြစ်လာသော မြန်မာ



"ကျွန်မအတွက် တစ်နေ့တာ ဘယ်လို ပြင်ဆင်ဝတ်စားရမလဲဆိုတာဟာ ဘယ်ဆံပင်တု တပ်ရင်ကောင်းမလဲဆိုတာနဲ့ စတာပါပဲ။"ဟု နိုင်ဂျီးရီးယားက ဆံပင်တုပြုလုပ်သူ အိုလေရင်ကာတီတဲလ်လုကပြောသည်။ သူ့တွင် တစ်လအတွင်း ဆံပင်တုအမျိုးမျိုးကို နေ့တိုင်းမထပ်ရအောင် ဝတ်ဆင်ရန် များစွာ ပိုင်ဆိုင်ရှိထားသည်။ ရာသီဥတုကိုလိုက်ပြီး သူကဆံတုကို ရွေးချယ်ဝတ်ဆင်တတ်သည်။ အေးမြသည့်ရက်များ၌ အိုလေရင်ကာသည် ရှည်လျားပြီး ထူထဲသော ဆံတုများကို တပ်ဆင်ကာ နွေကာလများ၌ ခပ်ပါးပါး၊ ခပ်တိုတို ဆံတုများ တပ်ဆင်လေ့ရှိသည်။ နိုင်ဂျီးရီးယား၏ စီးပွားရေးမြို့တော် လာဂို့စ်မြို့လယ်ရှိ သူ့၏ ဆံပင်တုဆိုင်သို့ လာရောက်သည့်ဖောက်သည်များကို သူ့ဆံပင်ပုံစံအမျိုးမျိုးက ဆွဲဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။ အိုလေရင်ကာသည် ဆံပင်တုများကို ဒေါ်လာ ၆၀ မှ ဒေါ်လာ ၈၀၀ ကြား ဈေးနှုန်းဖြင့်ရောင်းချသည်။ ထိုဆံပင်တုများကို ကမ္ဘောဒီးယားမှလာသော လူ့ဆံပင်များဖြင့် ပုံစံမျိုးစုံဖြင့် ဆံပင်တုပြုလုပ်ခြင်းဖြစ်ကြောင်း သူကပြောသည်။

အချို့သော အာဖရိကအမျိုးသမီးအခွင့်အရေးလှုပ်ရှားသူများက ရှည်လျားဖြောင့်စင်းသော ဆံပင်တုများနှင့်ဆံပင်ရှည်ထားခြင်းများသည် အလှအပရေးရာ၌ အနောက်တိုင်းအိုင်ဒီယာများကို တုပခြင်းသာဖြင့်သည်ဟုငြင်းဆိုကြသည်။ သို့သော် နိုင်ဂျီးရီးယားက ဆံပင်တုဝယ်ယူသူများက ဆံပင်ပုံစံအမျိုးမျိုးကို နှစ်သက်ကြဟန်ရှိနေသည်။ ဆံပင်တုရောင်းချသူများကလည်း မတူညီသည့် ဆံပင်ဆံသားများ နယ်မြေအသီးသီးမှ ဝယ်ယူရရှိပြီး ပုံသွင်းကာ ရောင်းချသည်ဟု ကြော်ငြာကြသည်။ ဘရာဇီးတို့၏ ဆံသားများသည် တောက်ပြောင်ပြီး တာရှည်ခံ၍ ရေပန်းစားသည်။ ဗီယက်နမ်ကမူ ပြတ်လွယ်ခြင်းမရှိသည့် ဆံပင်များကြောင့် လူကြိုက်များပြီး မွန်ဂိုလီယားက ဆံပင်မှာကောက်တွန့်ပုံသွင်းရလွယ်သည်။ လာဂို့စ်က အရောင်းသမားတစ်ဦးက "နူးညံ့သော အီတလီဆံသားများ"ကို ကြော်ငြာရောင်းချသည်။ မည်သည့်နိုင်ငံမှ ဆံသားများဖြစ်ကြောင်း မည်သို့ပင် ကြော်ငြာရောင်းချသော်လည်း ယင်းဆံပင်များမှ နေရာစုံမှလာသောဆံပင်များဖြစ်ပြီး တစ်ခါတစ်ရံ တရုတ်မှပင်လာသည့်ဆံပင်များဖြစ်သည်ဟု ဝယ်သူအချို့မှယူဆကြသည်။

ဆံပင်များ မည်သည့်နိုင်ငံ၊ မည်သည့်ဒေသမှလာသည်ကို လိမ်လည်ရောင်းချခြင်းမပြုလိုသည့် ဆံပင်ကုန်သည်များအတွက်ပင် ခြေရာခံသိရှိရန်ခက်ခဲနေသည်။ အာဖရိကသို့ ရောက်ရှိလာသော ဆံပင်အများစုမှာ တရုတ်စက်ရုံများမှ ဖြစ်သည်။ ထိုစက်ရုံများတွင် ဆံပင်များကို ဆံသားဆံခြည် တူရာတူရာ စုစည်းခွဲထုတ်သည်။ ရှင်းလင်းကာ အရောင်တင်ပြီး ကောက်ခြင်းများ ပြုလုပ်သည်။ ထို လူ့ဆံပင်စည်းများတွင် မြင်းလည်ဆံမွေးများလည်း ပါကောင်းပါနိုင်သည်။ တရုတ်နိုင်ငံကတော့ နိုင်ဂျီးရီးယားတွင် ဝယ်လိုအား အားကြီးသည့် "ပီရူးမှ ဆံပင်များ"ဟု သေတ္တာများတွင် တံဆိပ်ကပ်ကာ တစ်ခါတစ်ရံ တင်ပို့တော့သည်။ အစွန်းအထင်း မခံလိုသော ဆံပင်တုရောင်းသူများအနေဖြင့် အလိမ်အညာကင်းပြီး ကောင်းကောင်းမွန်မွန် တင်သွင်းသူကို ရွေးချယ်နိုင်ရမည်ဖြစ်ကာ အကောင်းဆုံးမျှော်လင့်ရောင်းချနိုင်မည်ဖြစ်သည်။ တစ်ချို့သော စည်းမစောင့်သူများသည် ဆံပင်များရောက်လာသည့်အခါ နိုင်ငံတံဆိပ်ပြောင်းတပ်ခြင်းများလည်းရှိကြသည်။ နိုင်ဂျီးရီးယားတွင် ဆံပင်ဝယ်လိုအားက အလွန်ကိုကြီးမားသော်လည်း မည်သူတစ်ဦးတစ်ယောက်ကမျှ အခွန်ဆောင်လိုခြင်းမရှိကြပေ။

ဘီနင်နိုင်ငံသည် ပို၍ကြီးမားသော အိမ်နီးချင်းနိုင်ငံ နိုင်ဂျီးရီးယားသို့ ကုန်စည်များ မှောင်ခိုသွင်းသည့် အထင်ကရ လမ်းကြောင်းဖြစ်သည်။ ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာပေါ်၌ အလိမ်အညာ ဆံပင်များတင်သွင်းမှု၏ ၁၁ ရာခိုင်နှုန်းသည် ယင်းနိုင်ငံမှ ဖြစ်သည်။ နိုင်ဂျီးရီးယားက ၎င်းကိုယ်တိုင် ဆံသားအမွေးအမျှင်များ(လူ့ဆံပင်၊ တိရစ္ဆာန်အမွေးအမျှင်နှင့် အတုထုတ်လုပ်ထားသော ဆံပင်များအပြင် အဆင်သင့်သုံး ဆံခွေများ အပါအဝင်) တန်ချိန် ၃၆၀၀ ကျော် တင်သွင်းခဲ့သည်။ ထိုတင်သွင်းနှုန်းထား၏ တစ်ဝက်ကသာ လူ့ဆံပင်များဖြစ်သည်ဆိုလျှင်တောင် ထိုပမာဏသည် လူဆယ်သန်းကျော်အား ခါးလယ်လောက်ရှိသော ဆံရှည်တုများ ဆင်မြန်းပေးနိုင်မည့် ပမာဏပဲဖြစ်သည်။ "ဆံပင်ဝယ်လိုအားက ပုံမှန်ဆိုသလို ဈေးကွက်ထောက်ပံ့နိုင်တာထက် ကျော်လွန်နေတယ်။ ဆံပင်ရှားပါးပြတ်လပ်မှုက အတောမသတ်သလောက်နီးပါးပဲ။"ဟု အမ်မာတာလိုဆိုသည့် အမျိုးသမီးက သူ့၏ "Entanglement: The Secret Lives of Hair" စာအုပ်တွင် ရေးသားသည်။

ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံသည် ဆံပင်တင်ပို့မှု လေးဆတိုးလာခဲ့ပြီး လက်ရှိ၌ ကမ္ဘာတွင် စတုတ္ထမြောက် အများဆုံးဆံပင်တင်ပို့သည့်နိုင်ငံဖြစ်လာသည်။ မြို့တော်ဟောင်းဖြစ်သော ရန်ကုန်မှဆံပင်ဝယ်ရောင်းသူ ကိုနေလင်းက အမျိုးသမီးများက သူဆိုင်သို့လာရောက်ပြီး ဆံပင်ဖြတ်တောက်ရောင်းချရခြင်းကြောင့် ယခုလုပ်ငန်းသည် မကောင်းဘူးဟု သူသိကြောင်း ပြောသည်။ "ဒီတစ်နေ့မှာပဲ ကျွန်တော် ခေါင်းဆယ်ခေါင်းက ဆံပင်တွေဖြတ်ယူခဲ့ရတယ်။"ဟု ၎င်းကပြောပြီး တစ်နေ့တာအတွက် အတော်များသည့် အရေအတွက်ဖြစ်သည်။ သူ၏ ဘေးကြမ်းပြင်တွင်လည်း စည်းနှောင်ထားသည် ဆံပင်စုများရှိနေသည်။ ဆံပင်ဝယ်ယူရာတွင် အလေးချိန်ပေါ် မူတည်တန်ဖိုးဖြတ်ခြင်းဖြစ်သော်လည်း လာရောင်းသူများအနေဖြင့် သူ့တို့၏ဆံပင်အတွက် ဒေါ်လာ ၁၈ ဒေါ်လာဝန်းကျင် ရှိတတ်သည်။ စုကောက်ရရှိသမျှသော ဆံပင်အများစုမှာ တရုတ်သို့ တင်ပို့ခြင်းဖြစ်သော်လည်း ယင်းနောက် ထိုဆံပင်များ မည်သည့်ဒေသရောက်သည်ကို ကျိန်းသေမသိကြောင်း သူကပြောသည်။ ကိုနေလင်းအနေဖြင့် ဘဲမွေး၊ ဘဲတောင်များ ယခင်က တင်ပို့ခဲ့သူဖြစ်သော်လည်း ဆံပင်ကပို၍ အကျိုးအမြတ်များသည်ကို သိပြီးနောက် ပြောင်းလဲလုပ်ကိုင်ခဲ့သူဖြစ်သည်။

ရန်ကုန်မှ မြောက်ဖက် ကီလိုမီတာ ၅၀၀ ခန့်က ပျော်ဘွယ်မြို့က လယ်သမားများသည် ကြက်သွန်နှင့် ဂျုတ်တို့ကို အရင်က ထွန်ယက်စိုက်ပျိုးခဲ့ကြသည်။ ယနေ့ခေတ်တွင်မူ ၎င်းတို့၏ နေ့ရက်များကို ဆံပင်လိုက်ကောက်ခြင်းဖြင့် အချိန်ကုန်စေတော့ သည်။ အိမ်ပေါက်စေ့ ဆံပင်လိုက်ဝယ်သူများရှိပြီး ၎င်းတို့က ဘီးဖီး၍ ကျွတ်သော ဆံပင်များကိုပါ ဝယ်ကြသည်။ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်တို့မှ အိတ်များဖြင့် ဆံပင်ဆံခြည်ထွေးများရောက်ရှိလျှင် ထိုဆံပင်များရှင်းလင်းခြင်းအတွက် နေ့တွက်ခဖြင့် လုပ်ကိုင်ခြင်းများလည်းရှိသည်။ 'ဆံပင်မြို့ပြ' ဟု နာမည်သမုတ်ခံရသော ပျော်ဘွယ်မြို့က ဆံပင်ရှင်းအလုပ်သမားများသည် ထိုဆံပင်ထွေးများကို ရှင်းလင်းခြင်း၊ သန်းများ၊ ဖောက်များ ဖယ်ရှားခြင်းများလုပ်ကိုင်ကြပြီး တစ်နေ့လျှင် ဒေါ်လာ ၁ ဒသမ ၂၀ ခန့်ဝင်ငွေရသည်။ ထို ဆံပင်များက 'စံချိန်စံညွှန်းမီ ဆံပင်များ'အဖြစ် တရုတ်စက်ရုံများသို့ ရောက်သွားကြသည်။ ထိုသို့ ဆံပင်အဝယ်လိုက်ကောက်ခြင်းနှင့် ရှင်းလင်းခြင်းများက ကျန်ကျစရိတ်သည် အတုဖြစ်သော ဆံပင်များ လုပ်ခြင်းထက် ပိုများသော်လည်း ခေါင်းမှ ဆံပင်ကို တိုက်ရိုက်ဖြတ်တောက် ဝယ်ယူရခြင်းထက် ပို၍ သက်သာသည်။

"အဲဒီလို ဆံပင်ထွေးတွေ ရှင်းလင်းအရောင်တင်ပြီး တင်ပို့တဲ့စက်ရုံတွေကို ကျွန်မတို့က အမှိုက်တွေလို့ခေါ်တယ်။"ဟု အိုလေရင်ကာက လှောင်ပြောင်ပြောဆိုသည်။ သူလုပ်သော ဆံပင်တုများတွင် ထိုသို့သော ဆံပင်များကိုမသုံးကြောင်း ၎င်းက အလေးအနက်ပြောသည်။ အိန္ဒိယဆံပင်များက တော်တော်များများ အပြတ်အပြတ်ဖြစ်ကာ ဝယ်သူများက မနှစ်မြို့စရာ ကောင်းသည်ဟု ယူဆကြခြင်းကြောင့် အိန္ဒိယဆံပင်များကို သုံးရသည်ကိုလည်း မနှစ်သက်ဟု သူကပြောသည်။ ဟိန္ဒူ အများစုသည် ၎င်းတို့၏ အတ္တမာနများကို ဗိဿနိုးနတ်ဘုရားထံ သင်ပုန်းချေသည့် အမှတ်သညာဖြင့် အနည်းဆုံးတစ်ကြိမ် ဘုရားကျောင်းသို့သွားကာ ဆံပင်များရိတ်ဖြတ်ကြသည်။ ထိုဘုရားကျောင်းများကို ယင်းဆံပင်များကိုရောင်းချကြသည်။ သို့ရာတွင် နိုင်ဂျီးရီးယားတွင် အချို့သူများက ထိုသို့သော ဆံပင်များတွင် မြွေများတွန့်လိမ်သွားလာနေသည်ဟု ယူဆနေကြတော့ သည်။ လာဂို့စ်မြို့လမ်းများတွင် ဆံပင်တုများက ချမ်းသာမှုကို ကိုယ်စားပြုနေသည်။ ပိုးသားကဲ့သို့ နူးညံ့သောဆံပင်များနှင့် အမျိုးသမီးများက ကြမ်းတမ်းသော ဆံခြည်မျှင်အတုများနှင့်အခြားသူများကိုဖြတ်ကျော်လျက် အပန်းဖြေအညောင်းဖြေ လမ်းလျှောက်နေကြသည်မှာ ချမ်းသာမှု၏ သင်္ကေတဖြစ်နေသည်။

**Source:** http://www.mizzimaburmese.com/article/72516

## ထားဝယ်အထူးစီးပွားရေးဇုန်တွင် MCM ကုမ္ပဏီက ရေနံချက်စက်ရုံတည်ဆောက်ရန်တင်ပြ

ထားဝယ်အထူးစီးပွားရေးဇုန်တွင် MCM ကုမ္ပဏီက ရေနံချက်စက်ရုံတည်ဆောက်ရန် စီမံကိန်းအကြို ဆောင်ရွက်လိုကြောင်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာထွန်းနိုင်ထံ လာရောက်တင်ပြခဲ့ကြောင်း လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ 8 MMTA Refinery စီမံကိန်းဟုအမည်ပေးထားသော ရေနံချက်စက်ရုံလုပ်ငန်းအတွက် မြေနှင့်ရေရရှိရန် လာရောက်တောင်းဆိုခဲ့ပြီး ကော်မတီဥက္ကဋ္ဌလည်းဖြစ်သူ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်ဟုထုတ်ပြန်သည်။

Myanmar Chemical & Machinery (MCM) ကုမ္ပဏီလီမိတက်သည် ကျောက်ဖြူတွင် လျှပ်စစ်ဓာတ်အား ၁၀၀ မဂ္ဂါဝပ် ထုတ်လုပ်မည့် LNG Terminal ကို လုပ်ကိုင်ခွင့်ရထားသည်။ ထို့ပြင်ကျောက်ဖြူတွင် မဂ္ဂါဝပ် ၁,၃၂၀ ထုတ်လုပ်မည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန်လည်းစီစဉ်ခဲ့ဖူးသည်။ ထိုကုမ္ပဏီသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာနကို ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ရေးပစ္စည်းများ ရောင်းချနေသည့် ကုမ္ပဏီလည်းဖြစ်သည်။ MCM ကုမ္ပဏီကို ပြည်တွင်း ဒါရိုက်တာနှစ်ဦးဖြင့်ဖွဲ့စည်းထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ဖော်ပြထားသည်။ ထားဝယ် အထူးစီးပွားရေးဇုန်တွင် ဟောင်ကောင်အခြေစိုက် V-power ကုမ္ပဏီကလည်း စွမ်းအင်လုပ်ငန်းများဆောင်ရွက်ရန် စိတ်ဝင်စား နေသည်ဟုဆိုသည်။

**Source:** https://7day.news/detail?id=196249

## လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် အစေးထုတ်ခြင်းကို ခဏရပ်တန့်သင့်



လက်ရှိအခြေအနေတွင် ဈေးကွက်အလားအလာ ကျဆင်းနေခြင်းကြောင့် လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် အစေးထုတ်ခြင်းကို ခဏရပ်တန့် သင့်ကြောင်း လျှော်ဖြူဈေးကွက်ကျွမ်းကျင်သူများကပြောသည်။ ဒီနှစ်အတွက် လက်ရှိ လျှော်ဖြူဈေးကွက်အခြေအနေလေး စဥ်းစားမိတာလေး ပြောချင် ပါတယ်။ လျှော်ဖြူဈေးကွက်ဟာ COVID-19 ဖြစ်တဲ့အချိန်ကစပြီး တရိပ်ရိပ် ကျဆင်းလာပါတယ်။ ကျွန်တော်တို့ စိုက်ပျိုးထုတ်လုပ်သူတွေက တစ်နေ့ ကောင်းနိုး ကောင်းလာနိုးနဲ့ စောင့်ရင်း ထုတ်လုပ် ရောင်းချလာကြတာ အခုဆို လုံးဝတွက်ချေမကိုက်ဘဲ မရောင်းနိုင်တော့တဲ့ အောက်ဆုံးဈေးကို ရောက်နေ ပါပြီ။ ဆက်လက်အစေးထုတ်နေတာကို ရပ်သင့်ပြီလို့ထင်ပါတယ်ဟု မြန်မာနိုင်ငံလျှော်ဖြူစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူ များအသင်း ဒုတိယဥက္ကဋ္ဌ (နန္ဒဝန်-လျှော်ဖြူစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ရေး)မှ ဦးဇင်မင်းသန့်ကပြောသည်။

လျှော်ဖြူစိုက်ပျိုးထုတ်လုပ်ရောင်းချမှုဈေးကွက်မှာ ယခင်နှစ်များကထက် ပိုမိုတိုးတက်ကောင်းမွန်လာမည့် အလားအလာ များရှိခဲ့သော်လည်း COVID-19 ဝယက်ပေါ်ပေါက်ခဲ့ခြင်းကြောင့် ဝယ်လိုအားများ အဆမတန်ကျဆင်းခဲ့ခြင်းဖြစ်သည်။ တရုတ်က ညစ်လို့ ကုန်သည်တွေကညစ်လို့ဆိုတဲ့အကြောင်းကို အသာထားပြီး ဈေးကွက်ကျဆင်းခြင်းရဲ့ ပကတိအကြောင်းတွေကိုပဲ သုံးသပ် ရရင် နောက်ဆက်တွဲအနေနဲ့ တရုတ်ပြည်က လုပ်ငန်းတော်တော်များများ ရပ်တန့်ရတာရယ် သယ်ယူပို့ဆောင်ရေးတွေ ခက်ခဲတာကြောင့်ရယ် စတဲ့အကြောင်းအရာမျိုးစုံကိုအခြေခံပြီး ဝယ်လိုအားရောင်းလိုအား မမျှတမှုတာပါ။ ဈေးကွက်တွေ ပြန်လည်မျှတကောင်းမွန်လာဖို့ကတော့ လက်ရှိအခြေအနေမှာ ကိုယ်ပိုင်စိုက်ပျိုးထုတ်လုပ်သူ၊ အငှားထုတ်သူအားလုံး အစေး ထုတ်လုပ်မှုကို လာမယ့်အစေးထုတ်ရာသီအစအထိ နားသင့်တယ်လို့ ကျွန်တော်ကတော့ ယူဆပါတယ်။ အဲ့ဒီလိုမှ မဟုတ်ရင်တော့ ဈေးကွက်ပြန်လည်ကောင်းမွန်မျှတလာဖို့ဆိုတာ မျှော်လင့်ချက်နည်းနိုင်ပါတယ်ဟု ဦးဇင်မင်းသန့်က ဆက်လက်ပြောသည်။

COVID-19 မတိုင်မီကာလများက မြန်မာနိုင်ငံမှ လျှော်ဖြူစေးကို တရုတ်နိုင်ငံဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချခဲ့ကြပြီး၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံများသို့လည်း ရံဖန်ရံခါ ရောင်းချခဲ့ကြကြောင်းသိရသည်။ လက်ရှိဈေးကွက် အတွင်း လျှော်ဖြူဝယ်ဈေးများမှာ ကြာဖံ တစ်ပိဿာလျှင် ကျပ် (၈၀,၀၀၀), ရေခဲပွင့် တစ်ပိဿာလျှင် ကျပ် (၁၈,၀၀၀), ပုံမှန် ထိပ်စ တစ်ပိဿာလျှင် ကျပ် (၈,၀၀၀), ဝမ်းစတစ်ပိဿာလျှင် ကျပ် (၄,၅၀၀), အောက်စ တစ်ပိဿာလျှင် ကျပ် (၁,၀၀၀), ကြာဖံ အတိုတစ်ပိဿာလျှင် ကျပ် (၃၀,၀၀၀) ဈေးနှုန်းများရှိကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/should_stop_production_of_almond_tap

## မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများကို လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုဖြင့် အဆင့်မြှင့်တင်ပေး

ဩဂုတ်လ ၁၃ ရက်နေ့တုန်းက မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားလှယ်များနှင့်အတူလန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၁၈)ဖြင့် ဆောင်ရွက်လျက်ရှိသည့်အငယ်စား၊ အလတ်စား မိရိုးဖလာနည်းဖြင့်ပြုပြင်ထုတ်လုပ်လျက်ရှိသော ရေထွက်ပစ္စည်းများအား ဘေးအန္တရာယ်ကင်းရှင်းစွာထုတ်လုပ်နိုင်ရန်အတွက် နိုင်ငံတကာလိုအပ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေး တိုးတက်မှု အပြင်စီမံကိန်းဆိုင်ရာတိုးတက်မှုအခြေအနေများကို ပူးတွဲလေ့လာစစ်ဆေးခဲ့တယ်လို့သိရပါတယ်။ ငါးပိရည်၊ ငါးပိထောင်းသည် မဲခေါင်မြစ်တစ်လျှောက်နိုင်ငံများမှ ပြည်သူများအလွန်ကြိုက်နှစ်သက်သောအရေးပါတဲ့ အရံဟင်းတစ်မျိုး ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ်တွင် တရုတ်နိုင်ငံအစိုးရ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် အမေရိကန်ဒေါ်လာ ၅သိန်း ရင်းနှီးထည့်ဝင်၍မြန်မာနိုင်ငံ၏အငယ်စား၊ အလတ်စားမိရိုးဖလာနည်းဖြင့်ပြုပြင်ထုတ်လုပ်လျက်ရှိသော ရေထွက်ပစ္စည်းများအား ဘေးအန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်နိုင်ရန်အတွက် ကူညီထောက်ပံ့ပေးခဲ့ပါတယ်။ သက်ဆိုင်ရာစီမံကိန်းကို ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် စတင်ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံရေထွက်ပစ္စည်းများအဓိကထုတ်လုပ်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အရည်အသွေးအာမခံစနစ်ထူထောင်ကာ သင်တန်းပေးမှုများနှင့်နည်းပညာပြုပြင်မှုများဆောင်ရွက်၍ မိရိုးဖလာနည်းဖြင့်ပြုပြင်ထုတ်လုပ်လျက်ရှိသော ရေထွက်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာအခက်အခဲများကို ထိရောက်စွာဖြေရှင်းပေးနိုင်ခဲ့ပါတယ်။

လက်ရှိမှာ သင်တန်းပေးမှုအနေနဲ့ ၁၈ကြိမ်ဆောင်ရွက်ပေးထားနိုင်ပြီး သင်တန်းသား၊ သင်တန်းသူဦးရေ ၁၅၇၅ဦးအပြင် ကုမ္ပဏီ ၆ ခုအတွက် ရေသန့်စင်စက်ပစ္စည်းကိရိယာများ တပ်ဆင်ပေးနိုင်ခဲ့တယ်လို့သိရပါတယ်။ ယခုအခါ အငယ်စား၊ အလတ်စားရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်ရေးလုပ်ငန်း ၃၆ ခုက စားသောက်ကုန်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်ရရှိထား ပြီးဖြစ်ပါတယ်။ ၎င်းစီမံကိန်းကို ၂၀၂၁ ခုနှစ် မတ်လကုန်မှာ ဆောင်ရွက်ပြီးစီးမည်ဖြစ်ကြောင်းသိရပါတယ်။

**Source:**https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/3202-upgrading-myanmar-s-fisheries-industry-through-lancang-mekong-cooperation.html

## အမျိုးသမီးလုပ်ငန်းရှင်များကို စီးပွားရေးစီမံချက် ရေးဆွဲပေးမည်

အမျိုးသမီးဦးဆောင်သည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထူးချွန်သည့် မြန်မာအမျိုးသမီး လုပ်ငန်းရှင်များရွေးချယ်၍ စီးပွားရေးစီမံချက်ရေးဆွဲပေးမည်ဖြစ်ကြောင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနထံမှသိရ သည်။ အမျိုးသမီးဦးဆောင်သည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက် (MYANWEN) တို့ ပူးပေါင်း၍ အမျိုးသမီးလုပ်ငန်းရှင်များနှင့် Virtual Meeting ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ စီးပွားရေးစီမံချက် ရေးဆွဲပေးခြင်းအပြင် သင်တန်းများ စီစဉ်ဆောင်ရွက်ပေးခြင်း၊ အလားအလာရှိသည့်လုပ်ငန်းများ သတ်မှတ်ပေးခြင်း၊ အောင်မြင်သည့်ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များပါဝင်ဆောင်ရွက် ပေးခြင်း၊ နည်းပညာပိုင်းပံ့ပိုးပေးခြင်း၊ ဈေးကွက်ရှာဖွေရေးနှင့်ဈေးကွက်ဖြန့်ကြက်နိုင်မှုအတွက် လမ်းညွှန်မှုပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် အမျိုးသမီးဦးဆောင်သည့်ကဏ္ဍကို စွမ်းဆောင်မြှင့်တင်ပေးခြင်းဖြင့် ဖွံ့ဖြိုး တိုးတက်မှုကိုအားပေးရန်၊ MSME လုပ်ငန်းများအနေနှင့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးမှုနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူပြုရန်၊ ပြည်တွင်း၊ ဒေသတွင်းနှင့်နိုင်ငံတကာအဆင့်ယှဉ်ပြိုင်မှုတွင် အဆင်သင့် ဖြစ်နေစေရေး အတွက်ပြင်ဆင်နိုင်ရန်နှင့် အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုကို အောင်မြင်စွာဖော်ဆောင်နိုင်ရန်ရည်ရွယ်၍ Virtual Meeting ကို ပြုလုပ်ခြင်းဖြစ်ကြောင်းသိရသည်။ အစည်းအဝေးတွင် တက်ရောက်လာသည့် အမျိုးသမီးလုပ်ငန်းရှင်များက

အမျိုးသမီးဦးဆောင်သည့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ လုပ်ငန်းတစ်ခုချင်းစီအလိုက် မိတ်ဆက်ခြင်းနှင့် လက်ရှိရင်ဆိုင်နေရသည့် လုပ်ငန်းများ၏အခက်အခဲများကို ဆွေးနွေးခဲ့ကြကြောင်း စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနထံမှသိရသည်။

အဆိုပါ Meeting တွင် မကွေးတိုင်းဒေသကြီးမှ အမျိုးသမီးလုပ်ငန်းရှင် ၄၅ ဦး၊ ရခိုင်ပြည်နယ်မှ အမျိုးသမီးလုပ်ငန်းရှင် ၂၀ ဦး၊ မွန်ပြည်နယ်မှ အမျိုးသမီးလုပ်ငန်းရှင် ၁၅ ဦး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက် (MYANWEN) မှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြသည်။

**Source : The Voice**

https://news.ydnp.net/368736/

## ၂၀၂၀ ခုနှစ်၊ ပထမနှစ်ဝက်အတွင်း အသိဉာဏ်ဆိုင်ရာအခွင့်အရေးများချိုးဖောက်ထားသော ပစ္စည်းပေါင်း (၅၅,၀၀၀)အား ကွမ်ကျိုးအကောက်ခွန်ဌာနက ဖမ်းဆီးခဲ့

ယခုနှစ် ပထမ(၆)လအတွင်း “Soaring Dragon 2020” စီမံချက်ဖြင့် ကွမ်ကျိုးအကောက်ခွန်ဌာနက အသိဉာဏ် ဆိုင်ရာအခွင့်အရေးများ (IPR)ချိုးဖောက်ထားသော ယွမ်ငွေ (၃.၂၃)သန်းတန်ဖိုးရှိ ပစ္စည်းပေါင်း (၅၅,၀၀၀)ကို ဖမ်းဆီးထားသည်ဟု သိရပါသည်။ ထိုကဲ့သို့စီမံချက်ဖြင့်ဖမ်းဆီးမှုများပြုလုပ်ရခြင်းမှာ ကပ်ရောဂါကိုတွန်းလှန်ရာတွင် အသုံးပြုသည့်ကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ ဖိနပ်များ၊ အိတ်များ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ လက်ပတ်နာရီများနှင့် လျှပ်စစ်ပစ္စည်းများအပါအဝင် IPR မှတ်ပုံတင်ထားသော တရုတ်နှင့်နိုင်ငံခြားအမှတ်တံဆိပ်ပေါင်း (၈၅)ခုကို ကာကွယ်ရန်ဖြစ်ပါသည်။ ဝက်ဘ်ဆိုဒ်များကို အခြေပြု၍ တိုးပွားလာနေသော IPR ချိုးဖောက်မှုများကို တုန့်ပြန်သောအားဖြင့် ကွမ်ကျိုး အကောက်ခွန်ဌာနက big-data နည်းပညာကို အသုံးပြု၍ ခြေရာခံလိုက်ခဲ့ကာ၊ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းတွင်ပါဝင်သော နိုင်ငံများ/ဒေသများထံမှ စာတိုက်များ၊ အမြန်ချောပို့များ၊ နယ်စပ်ဖြတ်ကျော် e-commerce နည်းလမ်းများဖြင့် တင်ပို့တင်သွင်း လာသည့် အတုအပပစ္စည်းများကို ဖမ်းဆီးခဲ့ပါသည်။

ဧပြီလ (၂၇)ရက်နေ့တွင် အကောက်ခွန်ဌာနတည်ရှိသော စာတိုက်က “NIKE” အမှတ်တံဆိပ်အား ချိုးဖောက်ထားသည့် ဖိနပ်အရံပေါင်း (၁၅၅)ရံကို သိမ်းဆည်းခဲ့ပါသည်။ ဇွန်လ (၁၇)ရက်နေ့တွင် ပြည်ပမှတင်ပို့လာသော “LV”၊ “GUCCI” နှင့် “YSL”တံဆိပ်များပါရှိသည့် အတုအပပြုလုပ်ထားသော အိတ်များနှင့်ဖိနပ်များကို သိမ်းဆည်းခဲ့ပါသည်။

ကွမ်ကျိုးအကောက်ခွန်ဌာနသည် တရုတ်နိုင်ငံ၏ အမှန်အကန်တံဆိပ်ဖြင့် ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့ရေးအတွက် များစွာအထောက်အကူပြုပေးလျက် ရှိပါသည်။ ဥပမာ ပြည်တွင်းမှ နှာခေါင်းစည်းထုတ်လုပ်သည့်ကုမ္ပဏီတစ်ခုဖြစ်သော Guangzhou Harley Company Ltd.မှ ၎င်း၏ IPRမှတ်ပုံတင်ခြင်းနှင့် နှာခေါင်းစည်းများ တင်ပို့မှုမှ ရရှိသောအကျိုးအမြတ်များကို ကာကွယ်ခြင်းတို့အတွက် ကွမ်ကျိုးအကောက်ခွန်ဌာနထံမှ လမ်းညွှန်မှုနှင့် ဝန်ဆောင်မှုများကို ရရှိထားပါသည်။ ယခုနှစ်အစပိုင်းမှ စတင်၍ တရုတ်နိုင်ငံမှ နာမည်ကြီးအမှတ်တံဆိပ်များဖြစ်ကြသော “HUAWEI”၊ “Vivo”နှင့် “Hisense” ကဲ့သို့သော တံဆိပ်များကို အတုအပပြုလုပ်ထားသည့် ပစ္စည်းပေါင်း (၁၁,၆၀၀) ကို ဖမ်းဆီးရရှိခဲ့ပါသည်။

ကွမ်ကျိုးအကောက်ခွန်ဌာနက သတင်းအချက်အလက်များဖလှယ်ခြင်း၊ ဥပဒေချိုးဖောက်ထားကြောင်းအတည်ပြုခြင်းနှင့် အမှုများလွှဲပြောင်းပေးခြင်းတို့ အသက်ဝင်လာစေရန် ပြည်တွင်းကုန်ပစ္စည်းအမှတ်တံဆိပ်၊ တီထွင်မှု မူပိုင်ခွင့်နှင့် စာမူမူပိုင်ခွင့် စီမံကွပ်ကဲရေးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကာ၊ IPR စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်းနှင့် ဥပဒေအသက်ဝင်စေခြင်းတို့တွင် ဒေသခံတရားရုံးများနှင့် ပြည်သူ့လုံခြုံရေးဌာနတို့ထံ အထောက်အကူပြုပေးလျက်ရှိပါသည်။ ထို့ပြင် ကွမ်တုန်း-ဟောင်ကောင်-မကာအို မဟာပင်လယ်အော်နယ်မြေတွင် စီးပွားရေးပတ်ဝန်းကျင်စိတ်ချလုံခြုံစေရန် IPR အသက်ဝင်စေရေးလှုပ်ရှားမှုများ၌ ဟောင်ကောင်အကောက်ခွန်ဌာနနှင့် မကာအို အကောက်ခွန်ဌာနတို့နှင့် ကောင်းစွာပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

Source: customs.gov.cn (၃၀-၇-၂၀၂၀)

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ် (နန်နင်း)**

## ကိုဗစ် ၁၉ ကာလအတွင်း စီးပွားရေးလုပ်ငန်းများနှင့် အလုပ်အကိုင်ရရှိမှုအပေါ် ဆက်လက်အထောက်အကူပြုပေးမည့် စင်ကာပူဒေါ်လာ ၈ ဘီလီယံတန်ဖိုးရှိ အစီအမံများကို စင်ကာပူနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်ထုတ်ပြန်ကြေညာ

ကိုဗစ် ၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် စီးပွားရေးလုပ်ငန်းများနှင့်အလုပ်အကိုင်ရရှိမှုတို့အပေါ် ဂယက်ရိုက်ခတ်မှုဖြစ်ပေါ်နေသောအခြေအနေများကို ကုစားနိုင်ရန်အတွက် စင်ကာပူဒေါ်လာ ၈ ဘီလီယံတန်ဖိုးရှိသော အစီအမံများဖြင့်ထပ်မံ၍ ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံ၏ ဘဏ္ဍာရေးဝန်ကြီးနှင့်ဒုတိယဝန်ကြီးချုပ်ဖြစ်သူ Mr Heng Swee Keat က ၁၇-၈-၂၀၂၀ ရက်နေ့တွင် မိန့်ခွန်းပြောကြားခဲ့ပါသည်။

ဆက်လက်ထောက်ပံ့ပေးမည့်အစီအမံများတွင် လုပ်ငန်းများမှ ပေးချေရသော ဝန်ထမ်း လုပ်ခလစာကုန်ကျစရိတ်များကို သက်သာစေရန်အတွက် လုပ်ငန်းကဏ္ဍအလိုက် လုပ်ခလစာ၏ ၇၅ ရာခိုင်နှုန်းအထိကို အစိုးရက ပံ့ပိုးပေးနေသည့်အစီအစဉ်မှာ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင် ကုန်ဆုံးတော့မည်ဖြစ်၍ ယခုအခါ လုပ်ငန်းကဏ္ဍအလိုက်သတ်မှတ်ချက်ဖြင့် လုပ်ခလစာ၏ ၁၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိကို နောက်ထပ် (၇) လ ၂၀၂၁ ခုနှစ်၊ မတ်လအထိ တိုးမြှင့် ထောက်ပံ့ပေးမည့်အစီအစဉ် (Jobs Support Scheme)၊ ဤကာလအတွင်းမှာပင် အချို့သော လုပ်ငန်းကဏ္ဍများသည် ဆက်လက်တိုးတက်မှုဖြစ်ပေါ်နေသည့်အတွက် ၎င်းလုပ်ငန်းများက လုပ်သားငှားရမ်းခန့်ထားမှုများပြုလုပ်ရန် လိုအပ်သဖြင့် ပြည်တွင်းလုပ်သားများကို ငှားရမ်း ခန့်ထားပါက အသက်အပိုင်းအခြားအလိုက် လုပ်ခလစာ၏ ၂၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိကို အစိုးရမှ ထောက်ပံ့ပေးမည့် စင်ကာပူဒေါ်လာ ၁ ဘီလီယံ လျာထားသောအစီအစဉ် (Jobs Growth Incentive)၊ ကိုဗစ်ကာလအတွင်း အလုပ်အကိုင်ဆုံးရှုံးမှုနှင့် ဝင်ငွေကျဆင်းမှု အခြေအနေများ ကြုံတွေ့ရသူများအတွက် ထောက်ပံ့ကြေးအစီအစဉ် (COVID-19 Support Grant)၊ လုပ်ခလစာနည်းသောလုပ်သားများအတွက် ထပ်ဆင့်ပံ့ပိုးပေးမည့်အစီအစဉ် (Workfare Income Supplement Scheme)၊ လေကြောင်းပို့ဆောင်ရေးနှင့် ခရီးသွားလာရေးလုပ်ငန်းကဏ္ဍအတွက် စင်ကာပူဒေါ်လာ ၁၈၇ သန်း တိုးချဲ့ပံ့ပိုးပေးမည့်အစီအစဉ်၊ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းကဏ္ဍရှိ လုပ်သားများအတွက် ယာယီအလုပ်အကိုင်ဖန်တီးပေးမှုကို တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်၊ ပြည်တွင်းခရီးသွားလုပ်ငန်းကဏ္ဍမြှင့်တင်ရန်အတွက် စင်ကာပူဒေါ်လာ ၃၂၀ သန်း တန်ဖိုးရှိသော ဘောင်ချာများ (Tourism Vouchers) ကို စင်ကာပူနိုင်ငံသားများသို့ ထုတ်ပေးသွားမည့်အစီအစဉ်နှင့် ကိုဗစ်ကာလအလွန်တွင် နိုင်ငံ၏အသွင်ကူးပြောင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်သော ဖွံ့ဖြိုးစလုပ်ငန်းများအား ထောက်ပံ့မှုအစီအစဉ်အတွက် စင်ကာပူဒေါ်လာ ၁၅၀ သန်း တိုးမြှင့်ပံ့ပိုးပေးမည့်အစီအစဉ်များ ပါဝင်ပါသည်။

ယခုကဲ့သို့ ဆက်လက်ထောက်ပံ့ပေးသွားမည့်အစီအမံများအတွက် စင်ကာပူနိုင်ငံ၏ သီးသန့်ရန်ပုံငွေစာရင်းမှ ထုတ်ယူသုံးစွဲရန်မလိုအပ်ဘဲ ကိုဗစ်ကြောင့် နှောင့်နှေးသွားခဲ့ရသော အစိုးရ၏ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများမှ လွှဲပြောင်းသုံးစွဲသွားမည်ဖြစ်ကြောင်းနှင့် လက်ရှိစင်ကာပူနိုင်ငံ၏ ၂၀၂၀ ဘဏ္ဍာနှစ် အစိုးရဘတ်ဂျက်စာရင်းတွင် လိုငွေ စင်ကာပူဒေါ်လာ ၇၄.၂ ဘီလီယံ ပေါ်ပေါက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: Ministry of Finance/ The Straits Times

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## သွင်းကုန်ကျဆင်းမှုကြောင့် ယူရိုဇုန်၏ ကုန်သွယ်ရေးပိုငွေပြမှု မြင့်တက်ခဲ့

COVID-19 ကပ်ရောဂါကြောင့် ကမ္ဘာ့ကုန်သွယ်မှုကျဆင်းနေစဉ်ကာလအတွင်း ကမ္ဘာ့နိုင်ငံ များနှင့်ကုန်သွယ်မှုတွင် သွင်းကုန်ပို၍ကျဆင်းခဲ့သဖြင့် ယူရိုဇုန်၏ ကုန်သွယ်ရေးပိုငွေပြမှုမှာ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လတွင် ယူရို ၂၁ ဒသမ ၂ ဘီလီယံရှိခဲ့ကြောင်း ဥရောပစာရင်းအင်းအဖွဲ့အစည်း Eurostat အရ သိရသည်။ ယင်းပမာဏသည် ယခင်နှစ်ကာလတူ၌ ကုန်သွယ်ရေး ပိုငွေ ယူရို ၁၉ ဒသမ ၄ ဘီလီယံထက်ပိုမို ကျော်လွန်ခဲ့ခြင်းဖြစ်ကြောင်း Eurostat ကဆိုသည်။ ပြီးခဲ့သည့် မေလတွင် ယူရိုဇုန်၏ ကုန်သွယ်ရေးပိုငွေမှာ ယူရို ၉ ဒသမ ၄ ဘီလီယံရှိခဲ့သဖြင့် ဇွန်လ၌ ကုန်သွယ်ရေး ပိုငွေပြမှု သည် ယင်းပမာဏထက် နှစ်ဆကျော်ပိုများခဲ့သည်။

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ ယူရိုဇုန်မှ ကမ္ဘာ့နိုင်ငံများသို့ ပို့ကုန်တင်ပို့မှုသည် ၂၀၁၉ ခုနှစ်၊ ကာလတူနှင့်နှိုင်းယှဉ်လျှင် ၁၂ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ သွင်းကုန်သည် ၁၂ ဒသမ ၉ ရာခိုင်နှုန်းဖြင့် ကျဆင်းခဲ့ကြောင်း၊

ယူရိုဇုန်နိုင်ငံများအကြား ကုန်သွယ်မှုသည်လည်း ၁၃ ဒသမ ၆ ရာခိုင်နှုန်းဖြင့် ကျဆင်းခဲ့ကြောင်းသိရသည်။ ၂၀၂၀၊ ဇွန်လအတွင်း ယူရိုဇုန်နိုင်ငံများ အချင်းချင်း ကုန်စည်ကုန်သွယ်မှုသည် ယူရို ၁၅၀ ဒသမ ၆ ဘီလီယံ ရှိခဲ့ပြီး၊ ယခင်နှစ်ကာလတူထက် ၇ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

ဥရောပသမဂ္ဂနိုင်ငံများ (အီးယူ)၏ ကုန်သွယ်မှုတွင်လည်း သွင်းကုန်ကျဆင်းမှုပိုများခဲ့သဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ၌ ကုန်သွယ်ရေးပိုငွေမှာ ယူရို ၂၀ ဒသမ ၇ ဘီလီယံရှိခဲ့ကြောင်းသိရသည်။ အီးယူသည် ယင်း၏ ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုတွင် ယခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့က အီးယူမှထွက်ခွာခဲ့သည့် ဗြိတိန်နိုင်ငံနှင့် ကုန်သွယ်မှုလျော့ကျခဲ့သည်။ ၂၀၂၀၊ ဇန်နဝါရီလမှ ဇွန်လအထိကာလတွင် အီးယူမှဗြိတိန်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုသည် ယခင်နှစ်ကာလတူထက် ၂၁ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ သွင်းကုန်အပိုင်းတွင် ၁၇ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်မှုတွင်လည်း သိသိသာသာကျဆင်းခဲ့ပြီး၊ တရုတ်နိုင်ငံနှင့် အပြန်အလှန်ကုန်သွယ်မှုတွင်မူ အနည်းငယ်သာကျဆင်းခဲ့ကြောင်း သိရသည်။ Eurostat ၏ သီးခြားထုတ်ပြန်ချက်အရ ၂၀၂၀၊ ဧပြီလမှဇွန်လအတွင်း ယူရိုဇုန်၏အလုပ်အကိုင်ရရှိမှုသည် ယခင်သုံးလပတ်နှင့်နှိုင်းယှဉ်ပါက ၂ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ၁၉၉၅ ခုနှစ်မှ စတင်ကောက်ယူခဲ့သည့် စာရင်းဇယားများအရ အများဆုံးကျဆင်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**Source: Reuters၊ Eurostat**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## STOCK EXCHANGE (21.8.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 21st Aug. 2020


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | +0 | +0.00% | 10,000 | 10,000 | 9,900 | 1,104 | 10,961,100 | 27,112,747 | 268,416 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,800 | 3,800 | 3,800 | 1,159 | 4,404,200 | 38,929,150 | 147,931 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 8 | 63,200 | 10,400,986 | 82,168 |
| FPB | 00004 | 22,000 | +500 | +2.33% | 21,500 | 22,000 | 21,500 | 15 | 327,500 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | -50 | -1.79% | 2,700 | 2,750 | 2,700 | 440 | 1,190,000 | 12,823,224 | 35,264 |
| EFR | 00006 | 3,100 | +50 | +1.64% | 3,050 | 3,100 | 3,050 | 110 | 340,500 | 19,977,223 | 61,929 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 436.90 | +1.07 | +0.25% | 437.65 | 437.65 | 434.97 | 2,836 | 17,286,500 | 6 | 650,093 |

**Index chart**



## Market Overview

As of 1:00 pm, 21st Aug. 2020

| MYANPIX | 436.90 ▲ 1.07 |
| --- | --- |
| Total Volume (shares) | 2,836 |
| Total Value (MMK) | 17 mil |
| Listed Company | 6 |
| Market Cap. (MMK) | 650,093 mil |

| Name | Code | Price | Change |
| --- | --- | --- | --- |
| FMI | 00001 | 9,900 | ▲ 0 |
| MTSH | 00002 | 3,800 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 500 |
| TMH | 00005 | 2,750 | ▼ 50 |
| EFR | 00006 | 3,100 | ▲ 50 |

TIR